# မမှန်ကန်သောသတင်း/လုပ်ကြံသတင်းများဖြင့် စည်းရုံးလှုပ်ရှားခြင်းနှင့် အမုန်းစကား ဆက်နွယ်မှုနှင့် လုပ်ငန်းအစီအစဉ်များဆောင်ရွက်ရန် စူးစမ်းရှာဖွေခြင်း

ဧပြီ ၂၀၁၉




INTERNATIONAL FOUNDATION FOR ELECTORAL SYSTEMS · IFES · 30 Years

# မမှန်ကန်သောသတင်းဖြင့် လှုပ်ဆော်ခြင်းနှင့် အမုန်းစကား နှီးနွှယ်မှုများအား လေ့လာဖော်ထုတ်ခြင်းနှင့် လုပ်ငန်းအစီအစဉ်များရေးဆွဲ အကောင်အထည်ဖော်ခြင်း

ဧပြီ ၂၀၁၉

**Lisa Reppell and Erica Shein**

**နိုင်ငံတကာရွေးကောက်ပွဲစနစ်များဆိုင်ရာ ဖောင်ဒေးရှင်း (IFES)**

*စာရေးသူမှ Vasu Mohan, Chad Vickey, Katherine Ellena, Dr. Gabrielle Bardall and Heather Szilagyi*

*တို့၏ အဖိုးအနဂ္ဃထိုက်တန်သော ပြန်လည်သုံးသပ်ခြင်းနှင့် ပကတိအမြင်ဖြစ်*

*ဆန်းစစ်ပေးခြင်းတို့အား ကျေးဇူးတင်အပ်ပါသည်။*

*ဂရပ်ဖစ် ဒီဇိုင်းရေးဆွဲပေးပါသော Keaton Van Beveren ကိုလည်း ကျေးဇူးဥပကာရပြုအပ်ပါသည်။*

မမှန်ကန်သောသတင်းဖြင့် လှုပ်ဆော်ခြင်းနှင့် အမုန်းစကား –
နီးနွယ်မှုများအား လေ့လာဖော်ထုတ် ခြင်းနှင့် လုပ်ငန်းအစီအစဉ်များရေးဆွဲ အကောင်အထည်ဖော်ခြင်း
Copyright © 2019 International Foundation for Electoral Systems. All rights reserved.

ခွင့်ပြုချက်ရယူခြင်း – ၎င်းပုံနှိပ်အား IFES ၏ခွင့်ပြုချက်မပါရှိဘဲ မည်သည့်ပုံစံမျိုးနှင့်မဆို၊ မည် သည့်ရည်မှန်းချက်နှင့်မဆို မိတ္တူပွားခြင်း၊ ပုံကူးယူထားခြင်းအပါအဝင် အီလက်ထရောနစ် (ဝါ) စက်ပစ္စည်းအသုံးပြု၍သော် လည်းကောင်း(ဝါ) သတင်းအချက်အလက်များ သိုလှောင်သိမ်းဆည်းထားခြင်း နှင့် ပြန်လည်ထုတ်ဝေခြင်းများမပြုလုပ်ရပါ။

ခွင့်ပြုချက်တောင်းခံရာတွင် အောက်ပါအချက်အလက်များပါဝင်ရပါမည် –

- မိတ္တူပွားယူချင်သည့် စာအုပ်အမျိုးအမည်အား ဖော်ပြရပါမည်
- စာအုပ်အား မိတ္တူပွားယူမည့်ရည်ရွယ်ချက်နှင့် အသုံးပြုမည့် နည်းနာအား ဖော်ပြရပါမည်
- အမည်၊ ရာထူး/အလုပ်အကိုင်၊ ကုမ္ပဏီ (ဝါ) အဖွဲ့အစည်းအမည်၊ ဖုန်းနံပါတ်၊ ဖက်စ် နံပါတ်၊ အီးမေးလ် လိပ်စာနှင့် စာပို့ရန်လိပ်စာ

ကျေးဇူးပြုလျက်ခွင့်ပြုချက်တောင်းခံမှုအားလုံး အားအောက်ပါလိပ်စာထံသို့ပို့ဆောင်ပါ –
ရွေးကောက်ပွဲစနစ်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာဖောင်ဒေးရှင်း
2011 Crystal Drive, 10th Floor
Arlington, VA 22202
Email: editor@ifes.org
Fax: 202.350.6701

# မိတ်ဆက်နှင့် ဤစာတမ်း၏ရည်ရွယ်ချက်

မလိုမုန်းထားသူများသည် နည်းပညာအထောက်အပံ့ကို အသုံးပြု၍ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေခြင်း၊ မတိကျခြင်းနှင့် အယူဝါဒ ကွဲစေသည့် အချက်အလက်များဖြင့် ပြည့်နှက်နေသည့် မမှန်ကန်သောသတင်း/လုပ်ကြံသတင်းများဖြင့် ဖြန့်ကျက်လှုပ်ရှား မှုများကို ကမ္ဘာတစ်ဝှမ်းတွင် ပို၍ ပြုလုပ်လာကြသည်။ ဤလှုပ်ရှားမှုများသည် နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေသော တင်းမာမှု ဖြစ်စေသည့် အကြောင်းရင်းများ၊ သဘောထား ကွဲပြားခြင်းများနှင့် အမုန်းတရားများကို မီးထိုးပေးကာ ဒီမိုကရေစီအဖွဲ့အစည်း များအပေါ် အများပြည်သူ ယုံကြည်မှုကို လျော့ပါးစေပြီး ရွေးကောက်ပွဲနှင့်ဆက်စပ်သော အကြမ်းဖက်မှုများနှင့် နိုင်ငံရေး မတည် ငြိမ်မှုဖြစ်နိုင်ခြေများကို မြင့်တက်စေသည်။ ဤစာတမ်းသည် အမုန်းစကားအန္တရာယ်နှင့် လက်ရှိလုပ်ကြံသတင်းဖြန့်သည့် လှုပ်ရှား မှု မျိုးဆက်သစ်တို့၏ ဆက်စပ်မှုကောက်ကြောင်းကိုဖော်ပြသည်။ ထို့နောက် ဤလှုပ်ရှား မှုများသည် ပြောင်းလဲနေသော မီဒီယာ နှင့် သတင်းရပ်ဝန်းကို ကြိုးကိုင်ချယ်လှယ်ခြင်း၊ အသုံးချခြင်းတို့ဖြင့် နိုင်ငံရေး သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာ ရပ်ဝန်းတွင် ပြန့်နှံ့ နေပြီးဖြစ်သောအမုန်းစကားကို မည်သို့ပိုမိုပြန့်ပွားအောင်နှင့် ပိုမိုပြင်းထန်အောင် သက်ရောက်နေသည်ဟူသော နည်းလမ်းများကို ထပ်ဆင့် ရှင်းလင်းထားပါသည်။

အမုန်းစကားများအား တမင်မီးပင့်ပေးခြင်းသည် လုပ်ကြံသတင်းဖြန့် လှုပ်ရှားမှုများတွင် အသုံးပြုသည့် နည်းလမ်းများစွာထဲမှ တစ်ခုသာဖြစ်သော်လည်း ထိုနည်းလမ်းသည် အသုံးများပြီး အဆိပ်ပြင်းသောကြောင့် အထူးသတိပြုထိုက်သည်။ ဤစာတမ်း သည် အမုန်းစကားနှင့် လုပ်ကြံသတင်းအကြား ဆက်နွယ်မှုနှင့် ဤချိန်းခြောက်မှုနှစ်ခုကို တုန့်ပြန်ရန် ဒီဇိုင်းရေးဆွဲရာတွင် ထို ဆက်နွယ်မှု၏ သက်ရောက်မှုများကို အဓိကထား ရေးဆွဲပါသည်။ အထူးသဖြင့် ကျွန်ုပ်တို့သည် မေးခွန်းသုံးခုမေးသည်။

- နည်းပညာ ပံ့ပိုးမှုဖြင့် ဆောင်ရွက်သည့် လုပ်ကြံသတင်းဖြန့် လှုပ်ရှားမှုမပါဘဲ အမုန်းစကားကို မည်သို့ ဖန်တီး၍ မည်သို့ ဖြန့်ဝေသလဲ။ (၎င်း၏ လမ်းကြောင်း)
- လုပ်ကြံသတင်းဖြန့် လှုပ်ရှားမှုပါလာသောအခါ ဦးတည်လမ်းကြောင်း မည်သို့ ပြောင်းလဲ သွားသလဲ။
- ဒီမိုကရေစီနှင့် အုပ်ချုပ်မှုတွင် ပါဝင်သူများက ဖော်ဆောင်ထားပြီး အသုံးပြုနေသော တုန့်ပြန်မှုစီမံကိန်းများကို ထိုပြောင်းလဲ သွားသော လမ်းကြောင်းက မည်သို့ အကျိုးသက် ရောက်စေပါသလဲ။

လူကိုယ်တိုင်ဖြစ်စေ အခြားကွန်ရက်များမှ ဖြစ်စေ အမုန်းစကားများ စနစ်တကျ ပြန့်နှံ့မှုကို ကိုင်တွယ်ဖြေရှင်းရန်နှင့် လျှော့ချရန် ခိုင်မာတောင့်တင်းသော သုတေသနအဖွဲ့နှင့် လက်တွေ့ လုပ်ကိုင်ဆောင်ရွက်နေသူများက လမ်းညွှန်မှုပေးသည်။ International Foundation for Electoral Systems (IFES) ၏ Countering Hate Speech in Elections: Strategies for Electoral Management Bodies[၁] စက္ကူဖြူစာတမ်းသည် အမုန်းစကားနှင့် ပတ်သက်၍ တုန့်ပြန်ရာတွင် အကောင်းဆုံး လုပ်ဆောင်ချက်များ နှင့် ပတ်သက်သော IFES ၏ အတွေ့အကြုံများမှ ရေးဆွဲထားသော စာတမ်းတစ်စောင်ဖြစ်သည်။ စာတမ်းတွင် ခံနိုင်ရည်မြင့်တင် ခြင်းကို မြှင့်တင်ရန် စီမံကိန်းရေးဆွဲခြင်း၊ အများပြည်သူဆွေးနွေးနေသည့် ခေါင်းစဉ်ပြောင်းအောင် လုပ်ဆောင်ခြင်း၊ အမုန်းစကား ပြောဆိုမှုကို စောင့်ကြည့်၍ တိုင်ကြားခြင်းနှင့် သင့်လျော်သော ဥပဒေဖြင့်ကုစားနိုင်ရန် ဆောင်ရွက်ခြင်းတို့ အပါအဝင် ကြားဝင် ကိုင်တွယ်ခြင်း နည်းလမ်းများကို ဖော်ထုတ်ထားသည်။ အဆိုပါနည်းလမ်းများနှင့် အတွေ့အကြုံရှိခြင်းသည် စဉ်ဆက်မပြတ် ပြောင်းလဲနေသော မီဒီယာရပ်ဝန်းတွင် အမုန်းစကားများ ပြန့်ပွားခြင်းကို တုန့်ပြန်သည့် စီမံကိန်းများ ထပ်မံရေးဆွဲရန်အတွက် မရှိ မဖြစ်လိုအပ်သော အခြေခံအုတ်မြစ်ကို ဖြစ်ပေါ်စေသည်။ ဥပမာ - နည်းပညာပံ့ပိုးမှုရယူထားသော လုပ်ကြံသတင်းဖြန့်ကျက် လှုပ်ရှားမှုတစ်ခုတွင် ပြုလုပ်ပြင်ဆင်ထားသော အမုန်းစကားတစ်ခုကို တုန့်ပြန်ရာတွင် တစ်ဦးတစ်ယောက်ချင်းစီ၏ အပြုအမူ သို့မဟုတ် ယုံကြည်ချက်ကိုပြောင်းလဲရန် ရည်ရွယ်သော စီမံကိန်းများကို "ထိခိုက်မှု ကွင်းဆက်" တစ်လျှောက် တစ်နေရာရာတွင် အခြားသော ကြားဝင်ကိုင်တွယ်ခြင်း နည်းလမ်းများဖြင့် ပေါင်းစပ် ဆောင်ရွက်နိုင်သည်။ အောက်တွင် အကျယ်ဖော်ပြထားသကဲ့ သို့ ဤစီမံကိန်း၏ ပန်းတိုင်မှာ ပြုလုပ်သူ၊ သတင်းစကား၊ ဖြန့်ဝေသည့် နည်းလမ်း၊ ဘာသာပြန်သူနှင့် အန္တရာယ်တို့ပါဝင်သော ထိခိုက် မှုကွင်းဆက်၏ အပိုင်းများတွင် ကွင်းဆက်ဖြတ်ရန်ဖြစ်သည်။

---

[၁] Mohan, Vasu and Catherine Barnes (2018)

# အသုံးအနှုန်းများနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ

အမုန်းစကား ဆိုသော စကားရပ်သည် လူအုပ်စုများ၏ လူမျိုး၊ နိုင်ငံသား သို့မဟုတ် မူရင်း မျိုးနွယ်စု၊ ဘာသာရေး၊ လိင်၊ လိင်စိတ်တိမ်းညွတ်မှု၊ အသက်အရွယ်၊ မသန်စွမ်းမှု သို့မဟုတ် အခြားသောတူညီသည့် ဝိသေသလက္ခဏာတို့ကို တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ ရည်ညွှန်း၍ ဂိုဏ်းကွဲစေရန် အမနာပပြောခြင်း၊ အရှက်ခွဲခြင်း၊ သို့မဟုတ် သည်းခံစိတ်လျော့ပါးအောင်နှင့် အကြမ်းဖက်မှုဖြစ်စေရန် ပြောဆိုသည့် စကားရပ်များကို ဆိုလိုသည်။[၂] ဒီမိုကရေစီအပေါ် အမုန်းစကား၏ ဆိုးကျိုးသက်ရောက်မှုများမှာ အတော် ကြီးမားသည်။ အထူးသဖြင့် ထိုစကားရပ်များဖြင့် ဦးတည်တိုက်ခိုက်ခံရသည့် လူအုပ်စုများမှာ ထိခိုက်မှုပိုမိုခံစားရသည်။ ဤကိစ္စနှင့် ပတ်သက်၍ ၂၀၁၄ ခုနစ်က အိန္ဒိယ တရားလွှတ်တော် ချုပ်၏ ဆုံးဖြတ်ချက် (Sangathan v. Union of India) သည် အမြင်ပွင့်စေသည်။

> *အမုန်းစကားသည် လူပုဂ္ဂိုလ်များကို ၎င်းတို့၏အသိုင်းအဝိုင်းတစ်ခုတွင် ပါဝင်မှုအပေါ် အခြေခံ၍ ဖယ်ကျဉ်ရန် ကြိုးပမ်းမှုဖြစ်သည်။ လူအုပ်စုတစ်ခုကို မုန်းတီးခံရစေနိုင်သော အသုံးအနှုန်းများကို အသုံးပြုခြင်းဖြင့် အမုန်းစကားသည် လူအုပ်စုတစ်ခု၏ အဖွဲ့ဝင်များ အပေါ် အများအမြင်တွင် တရားမဝင်အောင် ဖြစ်ပေါ်စေနိုင်ပြီး လူ့အသိုင်းအဝိုင်းအတွင်းတွင် ၎င်းတို့၏ လူမှုရေး အခြေအနေကို လျော့ကျစေသည်။ ထို့ကြောင့် အမုန်းစကားသည် လူအုပ်စုတစ်ခုမှ အဖွဲ့ဝင်များကို စိတ်သောကရောက်စေရုံထက်ပိုလွန်သည်။ ၎င်းသည် လူ့အသိုင်းအဝိုင်းနှင့်ဆိုင်သော သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ပါသည်။ အမုန်းစကားသည် ထိခိုက်ခံရနိုင်သူတို့ကို နောင်တွင်ခွဲခြားဆက်ဆံခြင်း၊ ဖဲကြည်ခြင်း၊ ခွဲခြားခြင်း၊ တိုင်းပြည်မှ နှင်ထုတ်ခြင်းနှင့် အဆုံးစွန်တွင် လူမျိုးတုန်းသတ်ဖြတ်ခြင်းတို့အထိ ပါဝင်သော ထိုးနှက်ချက်များကို ဖြစ်ပေါ်စေနိုင်သည့် အခြေခံအုတ်မြစ်ဖြစ်သည်။ အမုန်းစကားသည် ဆွေးနွေးဆဲဖြစ်သော ထိရောက်သည့် အယူအဆများအပေါ် ကာကွယ်စောင့်ရှောက်ခံ လူအုပ်စု၏ တုန့်ပြန်နိုင်စွမ်းကို ထိခိုက်စေခြင်းဖြင့် ဒီမိုကရေစီတွင် ၎င်းတို့၏ အပြည့်အဝ ပါဝင်မှုကို ကြီးမားသော အတားအဆီးဖြစ်ပေါ်စေသည်။*

အမုန်းစကားနှင့် ပတ်သက်၍ လူ့အခွင့်အရေးများ နှင့် ဥပဒေဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ အမုန်းစကားသည် ၎င်းဦးတည်တိုက်ခိုက်သည့် လူအုပ်စုအပေါ် မည်သို့ ထိခိုက်စေသည်တို့ကို ဆက်လက် လေ့လာရန် IFES ၏ Countering Hate Speech in Elections စက္ကူဖြူ စာတမ်းတွင် ကြည့်ပါ။

ဤစာတမ်းတွင် အသုံးပြုသော "လုပ်ကြံသတင်း ပြဿနာ" သို့မဟုတ် "လုပ်ကြံသတင်းဖြန့် ဝေလှုပ်ရှားမှု" ဟူသော စကားရပ်သည် အယောင်ဆောင်များက အုပ်စုဖြင့်ဖြစ်စေ၊ တစ်ဦးချင်း ဖြစ်စေ အောက်တွင် ဖော်ပြထားသကဲ့သို့ လုပ်ကြံသတင်းနှင့် မလျော်ကန်သော သတင်းများကို နည်းပညာအသုံးပြု၍ ဖန်တီးခြင်း သို့မဟုတ် ပြင်ဆင်ခြင်းကို ရည်ညွှန်းသည်။[၃] ဤစာတမ်း၏ အဆုံးတွင်လည်း အခြားသော အဓိပ္ပာယ်ကောက်နတ်ချက်များအား ဖော်ပြထားပါသည်။

---

[၂] ၎င်းသည် နေရာအနှံ့တည်ရှိပြီး ပြန့်နှံ့နေသော်လည်း ပညာရှင်များ၊ လုပ်ကိုင်ဆောင်ရွက်နေသူများနှင့် ဥပဒေ ရေးဆွဲသူများအကြား အားလုံး သဘောတူညီသော အဓိပ္ပာယ် ဖွင့်ဆိုချက်မရှိပေ။ အဓိပ္ပာယ်ဖွင့်ဆိုမှုမှာ ဖွင့်ဆိုသူက သီအိုရီထုတ်ရန် သို့မဟုတ် ပညာရပ်အဖြစ် လေ့လာရန် သို့မဟုတ် ကြားဝင်ဆောင်ရွက်ရန်ဟူသော ရည်ရွယ်ချက်ပေါ်မူတည်၍ ကွဲပြားခြားနားသည်။ ဤခြားနားချက်ကို မကြာမီက ပညာရပ်ဆိုင်ရာ အားထုတ်မှုတစ်ခုအဖြစ် Berkman Klein Center for Internet and Society က ဟားဗတ်တက္ကသိုလ်တွင် ပုံနှိပ်သော အမုန်းစကား အယူအဆတွင် ပြုလုပ်ခဲ့သည်။ ထိုအစီရင်ခံစာတွင် "အခြားသော ပါဝင်သည့် အရာများကို ခွဲခြမ်းစိတ်ဖြာမှုပြုလုပ်သော နယ်ပယ်များသည် အခြေအနေ သို့မဟုတ် ဘက်လိုက်မှုကဲ့သို့ လွှမ်းမိုးမှုအတွက် များစွာသော နည်းလမ်းများကို ဖော်ထုတ်ခဲ့ကြသည်။ အမုန်းစကားနှင့် ပတ်သက်၍ လက်ရှိ ပညာရပ်ဆိုင်ရာ လေ့လာမှုမှာ အချို့သော စကားလုံး အသုံးအနှုန်းများသည် ဦးတည်တိုက်ခံရသူကို ထိခိုက်စေနိုင်သည်ဟူသော မပြောင်းလဲနိုင်သည့် ဝိသေသလက္ခဏာထက် ပို၍မရှိပေ။" https://cyber.harvard.edu/publications/2016/DefiningHateSpeech အမုန်းစကား အယူအဆနှင့် ပတ်သက်သော အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် အရင်းအမြစ်အချို့ကို Mohan, Vasu and Catherine Barnes တို့ ၂၀၁၈ က ရေးသားသော IFES ၏စာတမ်းတွင် တွေ့နိုင်သည်။ ဤနေရာတွင် အသုံးပြုထားသော အဓိပ္ပာယ် ဖွင့်ဆိုချက်များသည် ပညာရှင်များ၊ လက်တွေ့ လုပ်ကိုင်ဆောင်ရွက်နေသူများ ထံမှ ပေါင်းစပ်ထားခြင်းဖြစ်သည်။ ထို့အတူ အယောင်ဆောင်များဟူသော အယူအဆမှာ Facebook ၏ "coordinated inauthentic behavior" ကို အဓိပ္ပာယ် ဖွင့်ဆိုချက်မှရယူထားပြီး ထိုအချက်သည် လူကိုယ်တိုင် သို့မဟုတ် အခြားသော ကွန်ရက်များမှ ဖြန့်ဝေသည့် အမုန်းစကားနှင့် နည်းပညာ ပံ့ပိုးထားသော လုပ်ကြံသတင်းဖြန့် လှုပ်ရှားမှု၏ နည်းလမ်းတစ်ခုအဖြစ် ပြုလုပ်ဖန်တီးထားသော အမုန်းစကားတို့ကို ခြားနားရန် အသုံးဝင်သည်။

**မမှန်ကန်သောသတင်း/လုပ်ကြံသတင်း (Disinformation)** ဆိုသည်မှာ တစ်စုံတစ်ယောက်ကို ထိခိုက်စေရန် သို့မဟုတ် ကျူးလွန်သူကို အကျိုးတစ်စုံတစ်ရာ ရရှိစေရန် ရည်ရွယ်၍ ဖန်တီးသော သို့မဟုတ် ဖြန့်ဝေသော မဟုတ်မမှန်သော သို့မဟုတ် အမြင်မှားစေနိုင်သော သတင်းအချက်အလက် ဖြစ်သည်။ ထိခိုက်ရန် ကြံရွယ်မှုမှာ လူပုဂ္ဂိုလ်တစ်ဦးချင်းစီကိုဖြစ်စေ၊ အုပ်စုများကို ဖြစ်စေ၊ အဖွဲ့အစည်းများကိုဖြစ်စေ ဖြစ်စဉ်များကိုဖြစ်စေ ဦးတည်၍ ပြုလုပ်သည်။

**မလျော်ကန်သော (Malinformation)** သတင်းဆိုသည်မှာ တစ်စုံတစ်ယောက်ကို ထိခိုက်စေရန် သို့မဟုတ် ကျူးလွန်သူကို အကျိုးတစ်စုံတစ်ရာရရှိစေရန်ရည်ရွယ်၍ မှန်ကန်သော်လည်း ကိုယ်ရေးကိုယ်တာ သတင်းအချက်အလက်ကို အများသိအောင် ဖြန့်သည့်သတင်း ဖြစ်သည်။

**သတင်းမှား (Misinformation)** ဆိုသည်မှာ မဟုတ်မမှန်သော သို့မဟုတ် အမြင်မှားစေနိုင်သော သတင်းအချက်အလက်ကို တစ်စုံတစ်ယောက်ကို ထိခိုက်စေရန် ရည်ရွယ်ချက်မရှိဘဲ သို့မဟုတ် မှားယွင်းကြောင်းမသိဘဲ ဖြန့်ဝေသည့် သတင်းအချက်အလက် ဖြစ်သည်။ တစ်ခါတစ်ရံ သတင်းမှားကို ဖြန့်ဝေသူများသည် ၎င်းတို့ ဖြန့်သည့် သတင်းမှာ လုပ်ကြံသတင်းမှန်း မသိဘဲ သတင်းအမှန်ဟု ထင်ကာ ၎င်းတို့၏ အသိုင်းအဝိုင်းတွင် ဖြန့်ဝေခြင်းဖြစ်သည်။

**အယောင်ဆောင်များ (Inauthentic Actors)** ဆိုသည်မှာ ၎င်းတို့ မည်သူမည်ဝါဖြစ်သည် သို့မဟုတ် ၎င်းတို့ ဘာလုပ်နေသည်ကို လူအများကို အထင်အမြင်လွဲမှားအောင် ဆောင်ရွက်နေသောသူများ သို့မဟုတ် အဖွဲ့အစည်းများ ဖြစ်သည်။

လုပ်ကြံသတင်းမှာ ယခုမှ ပေါ်ပေါက်သော ဖြစ်စဉ်မဟုတ်ပေ။ မမှန်ကန်သော၊ အမြင်မှားစေနိုင်သော အချက်အလက်များကို ဖြန့်ဖြူးခြင်းသည် ရှေးပဝေသဏီကတည်းက ကျင့်သုံးခဲ့သော နိုင်ငံရေးဗျူဟာ ဖြစ်သည်။ လက်ရှိကာလမှ "လုပ်ကြံသတင်း ပြဿနာ" ၏ ထူးခြားမှုမှာ နည်းပညာတိုးတက်လာခြင်းနှင့် မီဒီယာရပ်ဝန်း အပြောင်းအလဲများပင်ဖြစ်သည်။ အမုန်းစကားကဲ့ သို့ပင် "လုပ်ကြံသတင်း ပြဿနာ" တွင် အယူအဆမှုဘောင် မြောက်မြားစွာရှိသည်။ ၎င်းကို သတင်းအချက်အလက် ကမောက်ကမဖြစ်ခြင်း[၄] ၊ သတင်းအချက်အလက် ကစားခြင်း[၅] ၊ သတင်းအချက်အလက်စစ်ပွဲ[၆] ၊ တွက်ချက်၍ ဝါဒဖြန့်ခြင်း[၇] နှင့် ညှိနှိုင်းဆောင်ရွက်သော စစ်မှန်မှုမရှိသည့် အပြုအမူ[၈] ဟူ၍ ဝိသေသ ပြုကြသည်။ ဤမူဘောင်များ၏ ဘုံတူညီချက်မှာ ယနေ့ခေတ် မီဒီယာ ရပ်ဝန်းသစ်တွင် လုပ်ကြံသတင်းသည် မှားယွင်းသော သတင်းပြဿနာ ဖြစ်ရုံသာမက ကျွန်ုပ်တို့၏ သတင်းအချက်အလက် ဂေဟာစနစ်တစ်ခုလုံးကို ပုံပျက်စေခြင်းနှင့် တိုက်ခိုက်မှုပင်ဖြစ်သည်။ ၎င်းသည် အယူအဆများ လွတ်လပ်စွာဖလှယ်ခြင်းကို ပိုမိုခက်ခဲစေပြီး အချို့အခြေအနေများတွင် အလုပ်ဖြစ်နေသော ဒီမိုကရေစီ၏ မရှိမဖြစ် အစိတ်အပိုင်းကို လျော့ပါးစေသည်။

[4] Wardle, C. (2017). "Information Disorder: Toward an interdisciplinary framework for research and policy making," Council of Europe.

[5] Jeangène Vilmer, Jean-Baptiste, et al. (2018). "Information Manipulation," Center for Analysis, Prevision and Strategy of the Ministry for Europe and Foreign Affairs/Institute for Strategic Research of the Ministry for the Armed Forces (CAPS/IRSEM).

[6] DiResta, R. (2018). Statement for the record to the United States Senate Select Committee on Intelligence.

[7] Oxford Internet Institute


[8] Facebook uses the concept of "coordinated inauthentic behavior" to describe problematic networks of pages and people on their platform that "work together to mislead others about who they are or what they're doing." "Coordinated Inauthentic Behavior Explained," (2018). Facebook Newsroom.

# အမုန်းစကားနှင့် လုပ်ကြံသတင်းဖြန့် လှုပ်ရှားမှုကို နားလည်သဘောပေါက်ခြင်း

အမုန်းစကားကို အသုံးပြုသော လုပ်ကြံသတင်းဖြန့် လှုပ်ရှားမှုသည် ငုပ်လျှိုးနေသော လူမှုရေး အင်အားများ၊ လက်ရှိ သဘောထားကွဲလွဲနေသော သတင်းစကားများနှင့် အစွဲအလမ်းရှိသော အုပ်စုများအပေါ် မှီခို၍ တည်ဆောက်သည်။ အထက်တွင် ဖော်ပြထားသည့်အတိုင်း အမုန်းစကားကို မည်သို့ ဖန်တီးသည်၊ ဖြန့်ဝေသည်နှင့် ၎င်းတို့ဦးတည်တိုက်ခိုက်သည့် အုပ်စုများအပေါ် မည်သို့ အကျိုးသက်ရောက်သည်တို့ကို ဦးတည်လေ့လာသည့် စာတမ်းများနှင့် ၎င်းအကြောင်းအရာနှင့် ပတ်သက်၍ လုပ်ကိုင်ဆောင်ရွက်နေသူများ များစွာရှိသည်။ ဤစာတမ်း၏ရည်ရွယ်ချက်မှာ နည်းပညာပံ့ပိုးထားသော လုပ်ကြံသတင်းဖြန့် လှုပ်ရှားမှုတွင် အမုန်းစကား၏ တည်နေရာကို ရှာဖွေရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဤအပိုင်းတွင် ရွေးကောက်ပွဲများတွင် ထိုသို့သော လှုပ်ရှားမှုများ ရှိခြင်းနှင့် မရှိခြင်းတွင် အမုန်းစကား၏ လားရာကို နားလည်ရန် ကြိုးပမ်းသည်။

အောက်တွင် ဖော်ပြထားသော ပထမပုံသည် နည်းပညာပံ့ပိုးထားသည့် လုပ်ကြံသတင်းဖြန့် လှုပ်ရှားမှုမရှိချိန်တွင် အမုန်းစကား၏ လားရာကို ပြသောပုံဖြစ်သည်။

ပုံ - ၁။ အမုန်းစကား




### ပြုလုပ်သူ

ပြုလုပ်သူသည် အယူဝါဒအားဖြင့် လှုံ့ဆော်မှုဖြစ်နိုင်ပြီး ၎င်း၏အမုန်းစကားသည် ၎င်း၏ကိုယ်ပိုင် ယုံကြည်မှု သို့မဟုတ် ဘဝအမြင် ဖြစ်နိုင်သည်။

### သတင်းစကား

သတင်းစကားများသည် လူအုပ်စုများကို ၎င်းတို့၏ လူမျိုး၊ နိုင်ငံသား သို့မဟုတ် မူရင်းမျိုးနွယ်စု၊ ဘာသာရေး၊ လိင်၊ လိင်စိတ်တိမ်းညွတ်မှု၊ အသက်အရွယ်၊ မသန်စွမ်းမှု၊ သို့မဟုတ် အခြားသော တူညီသည့် ဝိသေသလက္ခဏာတို့ကိုတိုက်ရိုက် ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ ရည်ညွှန်း၍ ဝိုက်ကွဲစေရန် အမနာပ ပြောခြင်း၊ အရှက်ခွဲခြင်း၊ သို့မဟုတ် သည်းခံစိတ် လျော့ပါးအောင်နှင့် အကြမ်းဖက်မှု ကို ဖြစ်ပေါ်စေနိုင်သည်။

### ဖြန့်ဝေသည့်နည်းလမ်း

အမုန်းစကားသည် လုပ်ကြံသတင်းဖြန့် လှုပ်ရှားမှု မရှိဘဲ သမားရိုးကျ မီဒီယာများနှင့်လူမှုကွန်ရက် တို့မှ ပြန့်နှံ့နိုင်သည်။ ပြန့်နှံ့ခြင်းသည် သတင်းစကားကို လုပ်ကြံသတင်း ဖြန့် လှုပ်ရှားမှုဖြင့် ပြုပြင် မီးပင့်ပေးခြင်းနှင့် မတူပေ။

### ဘာသာပြန်သူ

နိုင်ငံရေးနှင့်ရွေးကောက်ပွဲ ဖြစ်စဉ်များနှင့် အဖွဲ့အစည်းများအတွက် ခြိမ်းခြောက်မှုမှာ သာမန် နိုင်ငံသားများက ၎င်းတို့လက်ခံရရှိသည့် အမုန်းစကားများကို မည်ကဲ့သို့ ဘာသာပြန်သလဲ ဆိုသည့် အချက် ဖြစ်သည်။

### အန္တရာယ်

အမုန်းစကားသည် ဒီမိုကရေစီ အဖွဲ့အစည်းများနှင့် ဖြစ်စဉ်များအပေါ်အယုံကြည် ပျက်ယွင်းစေနိုင်သည်။ ဦးတည် တိုက်ခိုက်သည့် အဖွဲ့အစည်းကို ဒီမိုကရေစီ အရ ပူးပေါင်းပါဝင်မှုမှ ဖယ်ရှားစေနိုင်သည်။ ပြည်သူများကို လုံလောက်သော အယူဝါဒကွဲပြားစေပါက အကြမ်းဖက်မှု များ ဖြစ်ပေါ်စေနိုင်သည်။


အထက်ပါပုံအရ အမုန်းစကားကို တုန့်ပြန်၍ အကျိုးဆက်များကို လျှော့ပါးစေရန် ထိရောက်သော စီမံကိန်း ရေးဆွဲရန် (ပြုလုပ်သူ၊ သတင်းစကား၊ ဖြန့်ဝေသည့် နည်းလမ်း၊ ဘာသာပြန်သူ သို့မဟုတ် အန္တရာယ်) ဟူသော အထက်ပါ အစိတ်အပိုင်း တစ်ခုချင်းစီမှ တစ်ခု သို့မဟုတ် တစ်ခုထက် ပို၍ ပစ်မှတ်ထား၍ လားရာကို ဖြတ်တောက်ရန် ဆောင်ရွက်နိုင်သည်။[၆] ဥပမာ – သမားရိုးကျ မီဒီယာနှင့် လူမှုကွန်ရက်တို့မှ ပြန့်နှံ့သော အမုန်းစကားသည် ရွေးကောက်ပွဲနှင့် ပတ်သက်၍ အကြမ်းဖက်မှုအန္တရာယ်ကို တိုးပွားစေသော အခြေအနေတစ်ခုတွင် ဖြစ်နိုင်သည့် နည်းလမ်း များစွာထဲမှ စီမံကိန်း နည်းလမ်း တစ်ခုမှာ အောက်ပါတို့တွင် ပါဝင်နိုင်ပါသည်။

| **ပြုလုပ်သူကို ပစ်မှတ်ထားခြင်း** | **သတင်းစကားကို ပစ်မှတ်ထားခြင်း** | **ဖြန့်ဝေသည့် နည်းလမ်းကို ပစ်မှတ်ထားခြင်း** | **ဘာသာပြန်သူကို ပစ်မှတ်ထားခြင်း** | **အန္တရာယ် လျှော့ချခြင်း** |
|---|---|---|---|---|
| အမုန်းစကားနှင့် ပတ်သက်၍ ဖော်ထုတ် အရေးယူရန် ဥပဒေမူဘောင်ကို ပြန် လည် သုံးသပ် ခြင်း၊<br><br>ကျူးလွန်သူများကို ဥပဒေအတိုင်း တရားစွဲဆိုရန် ပိုမိုထိရောက်သော စုံစမ်းထောက်လှမ်းမှုနှင့် ဥပဒေ စိုးမိုးစေရန် နည်းလမ်းများ | ရွေးကောက်ပွဲ စီမံခန့်ခွဲရေး အဖွဲ့များကဲ့သို့သော ပြည်သူ့ဝန်ထမ်းများအား ပူးပေါင်းပါဝင်သော အလေ့အထများနှင့် အမုန်းစကား အားဆန့်ကျင်သည့် စကားများ ပြောဆို ခြင်းဖြင့် စံပြ လုပ် ဆောင်ရန် စွမ်းရည် မြှင့်တင် ပေးခြင်း၊ | သမားရိုးကျ မီဒီယာများမှ အမုန်းစကား ပြန့်ပွားမှုကာကွယ်တားဆီးရန် အတွက် ကျင့်ဝတ်များ<br><br>လူမှုကွန်ရက် ကုမ္ပဏီများအား အမုန်းစကား ပြန့်ပွားမှု သံသယာ နှေးသွားစေရန် ဖိအား ပေးခြင်း၊ သို့မဟုတ် အမုန်းစကားနှင့် ပတ်သက်သော ၎င်းတို့၏ စံနှုန်းများကို လိုက်နာကျင့်သုံးစေပြီး အမုန်းစကား များအား ဖယ်ရှားခြင်း | သည်းခံမှုကို မြှင့်တင်ရန် ပြည်သူကို ပညာ ပေး ခြင်း၊ အမုန်း တရား နှင့် ပတ်သက်၍ ပြည်သူ လူထု နားလည်လာစေရန် ပညာပေးအစီအစဉ် များ၊ | ရွေးကောက်ပွဲဆိုင်ရာ အကြမ်းဖက်မှုအန္တရယ် လျှော့ချရန် အဖွဲ့အစည်း များ ပူးပေါင်း ၍ လုံခြုံရေး အစီအမံများ စီစဉ် ချမှတ် ခြင်း |

နောက်တစ်ပုံသည် ပုံ ၁ အပေါ် အခြေခံ၍ ပြုလုပ်ထားသည်။ ၎င်းပုံသည် လုပ်ကြံသတင်းဖြန့် လှုပ်ရှားမှုပါဝင်လာသည့်အခါတွင် အမုန်းစကား၏လားရာ မည်သို့ပြောင်းလဲသွားပြီး ပိုမိုပြင်းထန်လာသည်ကို (ပထမပုံကို မင်မဲဖြင့် ပွားထားပြီး) ပြသည်။ ပုံအသစ်တွင် ပြသကဲ့သို့ အယောင်ဆောင်များသည် မူလတည်ရှိနေသော အမုန်းစကားများထဲသို့ ပြုပြင်၍ လိုသလိုကစားထားသော သတင်းများကို ရောထည့်ကာ သတင်းစကားနှင့် ဖြန့်ဝေသည့် နည်းလမ်းကို ပြောင်းလဲစေသည်။ ထိခိုက်မှုကွင်းဆက်တွင် လုပ်ကြံသတင်းဖြန့် လှုပ်ရှားမှု၏ အကျိုးသက်ရောက်မှုကို ဒုတိယအလွှာအဖြစ် မင်နီရောင်ဖြင့် ပြသထားပြီး ပုံအောက်မှစာသည် လုပ်ကြံသတင်းဖြန့်ရန် အားထုတ်ခြင်းကြောင့် အကြမ်းဖက်အန္တရာယ် အတိုင်းအတာကို မီးထိုးပေးပြီး ဒီမိုကရေစီပျက်စီးခြင်း ဖြစ်စဉ်ကို ပြသည်။ ဤပုံပါ အစိတ်အပိုင်းတစ်ခုစီ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ဤစာတမ်း အဆုံးပိုင်းရှိ အဓိပ္ပာယ်ကောက်နှုတ်ချက်များတွင် တွေ့နိုင်သည်။

[၆] ၎င်းဤပုံစံသည် Wardle (2017) ထံမှ စိတ်ကူးများ ရယူ၍ ပြုလုပ်ထားသည်။ ၎င်းသည် သတင်းအချက်အလက် ကမောက်ကမ ဖြစ်ခြင်းဆိုင်ရာ အယူအဆကို ပြုလုပ်သူ၊ သတင်းစကားနှင့် ဘာသာပြန်သူဟု သတ်မှတ်ထားပြီး အဆင့်များအဖြစ် ဖန်တီးခြင်း၊ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဝေခြင်းဟု ခွဲထားသည်။

ပုံ ၂။ လုပ်ကြံသတင်းဖြင့် လှုံ့ဆော်ထားသော အမုန်းစကား




## ပြုလုပ်သူ

လုပ်ကြံသတင်းဖြန့်သူသည် ကိုယ်ပိုင်အယူအဆဖြင့် ပြုလုပ်သော တစ်ကိုယ်တည်းသမားများဖြစ်နိုင်သည်။ သို့သော် နိုင်ငံရေးတွင်ပူးပေါင်းပါဝင်မှုကို ဖိနှိပ်ရန်၊ ရှုပ်ထွေးမှုနှင့် သံသယကိုဖန်တီးရန်နှင့် မဲဆန္ဒရှင်များ အုပ်စုကွဲစေရန် ရည်ရွယ်၍ နိုင်ငံခြား သို့မဟုတ် ပြည်တွင်းမှ လူများ ပူးပေါင်းကာ လုပ်ကြံသတင်းများ အလျှင်အမြန်နှင့် လူအများထံ ဖြန့်နိုင်ရန် ဆောင်ရွက်မှုများ ပြားလာနေသည်။ ထိုသို့ဆောင်ရွက်ခြင်းကြောင့် လူ့အဖွဲ့အစည်း၏ စည်းလုံးမှုနှင့် ဒီမိုကရေစီကို လျော့ပါးစေပြီး နိုင်ငံရေးတင်းမာမှုကို ဖြစ်စေခြင်း သို့မဟုတ် လူတစ်ဦး သို့မဟုတ် အစုအဖွဲ့တစ်ခု တည်ငြိမ်ရေး၊ ငွေကြေး အကျိုးအမြတ်ရရှိမှုတို့ကို ဖြစ်ပေါ်စေပါသည်။

## သတင်းစကား

ပြည်သူကို လှည့်ဖြားရန် ရည်ရွယ်၍ ဖန်တီးထားသော ဖြုတ်စဗျင်းတောင်း သတင်းများ (junk news) သို့မဟုတ် အတုအယောင်အကြီးစားများ (deepfakes) ကဲ့သို့သော သတင်းစကားများသည် ဖြန့်နှံ့နေပြီး ဖြစ်သော ဇာတ်လမ်းများကို မီးထိုးပေးသည်။ ထိုသတင်းစကားများကို ဖြန့်နှံ့မှုအမြင့်ဆုံး ဖြစ်ရန်နှင့် ထိုသတင်းစကားများ ရရှိသူတို့၏ ဘက်လိုက်လိုစိတ်ကို လှုံ့ဆော်ပေးရန် တွက်ချက် ဖန်တီးထားသည်။ မှတ်ဉာဏ်တု (AI) သည် အလွန်လှုံ့ဆော်နိုင် စွမ်းရှိသော ပုံရိပ်များနှင့် သတင်းစကားများကို ပို၍ ဖန်တီးနိုင်စေသည်။

## ဖြန့်ဝေသည့်နည်းလမ်း

အခကြေးငွေ ပေး၍ လူအများထံ ရောက်အောင် ဆောင်ရွက်ခြင်း၊ ပူးပေါင်းဆောင်ရွက်ထားသော (လူ၊ ဘော့ (bot) နှင့် ထိုနှစ်မျိုးပေါင်း) လူမှုကွန်ယက် ခေါင်းကညာအများမှ တဆင့် အစစ်အမှန်မဟုတ်သော သတင်းစကားများကို သတင်းအချက်အလက်များထဲသို့ ထုတ်လွှတ်သည်။ ဤသတင်းစကားသည် အတုအယောင် ခေါင်းကညာအများမှတဆင့် လူအများသို့ ရောက်ရှိသွားသော အခါ လူများက ၎င်းတို့ကို ထပ်မံ၍ မျှဝေခြင်း (Share) ဖြင့် လူများ ပိုမိုယုံကြည်လာကာ ၎င်းတို့သည် သမားရိုးကျ သတင်းမီဒီယာ များထံသို့ ရောက်ရှိသွားသည်။ ထို့ပြင် တစ်ယောက်စကား တစ်ယောက်နားဖြင့်လည်း ပြန့်သည်။ ဖော်မြူလာ (algorithms) နှင့် မှတ်ဉာဏ်တု (AI) တို့သည် လူတို့၏ ကိုယ်ရေးအချက်အလက်များကို အသုံးချကာ ၎င်းတို့ ရည်ရွယ်သည့် လူအုပ်စုသို့ ရောက်အောင် အဆွဲဆောင်နိုင်ဆုံး ပုံစံဖြင့် သတင်းစကားများကို ဖြန့်ဝေကြသည်။

## ဘာသာပြန်သူ

ပြုပြင်၍ ထုတ်လုပ်ထားသော အမုန်းစကားများသည် ပို၍ ကျယ်ကျယ်ပြန့်ပြန့် လက်ခံကာ ပို၍ ပြန့်နှံ့ပုံပေါ်သည်။ ထိုအခါ သာမန် တက်ကြွမှုမရှိသော သူများပင်လျှင် ပို၍ ရဲရဲဝံ့ဝံ့ လာပြီး မဲဆန္ဒရှင်များ၏ ခံယူချက်ကို ပြောင်းလဲစေကာ အမုန်းစကား၏ ဦးတည်အုပ်စုများ အပေါ် ရန်လိုမှုကို မြင့်တက်လာစေနိုင်သည်။ ပြည်သူပြည်သားများသည် နိုင်ငံရေးနှင့် ရွေးကောက်ပွဲ ဖြစ်စဉ်၏ ဝုဏ်သိက္ခာအပေါ် ချိန်းခြောက်မှုများကို ပို၍ ခံစားရလာနိုင်စေပါသည်။

## အန္တရာယ်

သတင်းအမှန်နှင့် အမှားကို ပြည်သူများ ခွဲခြားနိုင်ရန် ခက်ခဲလာခြင်းသည် အန္တရာယ်ကို ဆပွားတိုးစေသည်။ ထို့ပြင် အမြန်ဆုံး တုန့်ပြန်လိုမှု၊ မမျှတမှုနှင့် ချိန်းခြောက်မှုတို့ကို ခံစားရမှု မြင့်တက်လာနိုင်စေပါသည်။

အမုန်းစကားကို နည်းလမ်းတစ်ခု အဖြစ် အသုံးပြုသော လုပ်ကြံသတင်းဖြန့် လှုပ်ရှားမှုတစ်ခု၏ သာဓကများတွင် အောက်ပါတို့ ပါဝင်သည်။

- နိုင်ငံရေး ပါတီများက ပြိုင်ဘက် အမျိုးသမီး ကိုယ်စားလှယ်လောင်းများကို နှောင့်ယှက်၊ သိက္ခာချ၊ အရှက်ခွဲသော လိင်ကိစ္စ သတင်းတုများကို ဖြန့်ဝေရန် လူမှုကွန်ယက်ပေါ်တွင် နှောင့်ယှက်လှောင်ပြောင် (troll) သော အဖွဲ့များကို ငွေကြေးပံ့ပိုးခြင်း၊
- စစ်တပ်အခွင့်ထူးခံ လူတစ်စုက လူမှုကွန်ယက် account အတုများ၊ troll အဖွဲ့များ၊ အခြားသော လုပ်ကြံသတင်းဖြန့် နည်းလမ်းများကို အသုံးပြု၍ လက်ရှိတွင်တည်ရှိနေပြီးဖြစ်သော လူမှုရေးအကွဲအပြဲများကို မီးထိုးရန်၊ တိုင်းရင်းသား လူနည်းစုတစ်ခုကို ဆိုး သွမ်းသောင်းကြမ်းသူများအဖြစ်ပုံဖော်၍ အကြမ်းဖက်မှုများ ဖြစ်ပေါ်အောင်လှုံ့ဆော်ရန် စုပေါင်းဆောင်ရွက်သည့် လှုပ်ရှားမှုတစ်ခု၊
- ဒီမိုကရေစီ အဖွဲ့အစည်းများနှင့် နိုင်ငံရေးဖြစ်စဉ်များအပေါ် အယုံအကြည်မဲ့လာစေရန် လူမျိုးရေး သို့မဟုတ် တိုင်းရင်းသား လူနည်းစုတစ်ခုကို ဦးတည်ပြုလုပ်သည့် စုပေါင်းဆောင်ရွက်သော လုပ်ကြံသတင်းဖြန့် လှုပ်ရှားမှုအား အသုံးပြုသည့် မဲပေးသူများကို ဖိနှိပ်သည့် ဆောင်ရွက်ချက်တစ်ခု၊
- နိုင်ငံရေး အစွန်းရောက်သော အဖွဲ့အစည်းတစ်ခုက လူအများစုကိုးကွယ်ယုံကြည်သော ဘာသာရေးကို စော်ကားပုတ်ခတ်သည့်အရာများ ပြုလုပ်ပြင်ဆင်၍ ဒေသန္တရအုပ်ချုပ်ရေးမှူးကိုယ်စားလှယ်လောင်းတစ်ဦးကို မဲဆန္ဒရှင်များ ဆန့်ကျင်လာအောင် အောင်မြင်စွာ ဆောင်ရွက်ခြင်း၊

အထက်တွင် ဖော်ပြခဲ့သော အမုန်းစကားနှင့် လုပ်ကြံသတင်း တို့၏ ဆက်နွယ်မှုကိုကြည့်ခြင်းအားဖြင့် လုပ်ကြံသတင်းဖြန့်ခြင်းကို ဆန့်ကျင်သည့် စီမံကိန်းတစ်ခုအတွက် ကြားဝင်လှုပ်ရှားနိုင်သောနေရာများ ပို၍ ပေါ်ထွက်လာခြင်းမှာသိသာသည်။ ထို့ပြင် ယုံကြည်မှုအရ ပြုလုပ်သော အမုန်းစကားများအား တုန့်ပြန်ရန် ပြုလုပ်ထားသော ထိရောက်သည့် စီမံကိန်းနည်းဗျူဟာအချို့အား နည်းပညာပံ့ပိုးမှုဖြင့် ဆောင်ရွက်သောလုပ်ကြံသတင်းဖြန့်နည်းလမ်းများက သတင်းအချက်အလက်ပုံစံကို ပြောင်းလဲလိုက်သည့် အခါ ထိရောက်မှုလျော့နည်းသွားသည်ကို ဖော်ပြသည်။

ထိုသို့သော စီမံကိန်းတစ်ခု၏ အန္တိမပန်းတိုင်မှာ အမုန်းစကားနှင့် လုပ်ကြံသတင်း ပြုလုပ်ကျူးလွန်သူ (ပြုလုပ်သူ) များက အကြမ်းဖက်မှုများ ဖန်တီးခြင်း သို့မဟုတ် ဒီမိုကရေစီ ဖြစ်စဉ်များနှင့် အဖွဲ့အစည်းများအပေါ် ယုံကြည်မှု လျော့နည်းလာအောင် ဆောင်ရွက်ခြင်း (အန္တရာယ်)တို့မှ တားဆီးရပ်တန့်ရန်ဖြစ်သည်။ ထိုအတွက် ကြားဝင်ဆောင်ရွက်ချက်များသည် (ပြုလုပ်သူ၊ သတင်း စကား၊ ဖြန့်ဝေသည့် နည်းလမ်း၊ ဘာသာပြန်သူ သို့မဟုတ် အန္တရာယ်) ဟူသော ထိခိုက်မှုကွင်းဆက်တွင် မည်သည့် နေရာမှမဆို ဝင်ရောက်ဆောင်ရွက်နိုင်သည်။ ဥပမာ - အကယ်၍ စီမံကိန်းသည် အမုန်းစကားနှင့် လုပ်ကြံသတင်းတို့ လုံးဝ သွေးထိုး၍မရသော နားလည်နိုင်မှုမြင့်မားသည့် ဘာသာပြန်သူများကို ဖန်တီးနိုင်လျှင် ထိခိုက်မှုကွင်းဆက်တွင် အခြားနေရာများမှ ကြားဝင်ဆောင်ရွက်ခြင်း လုပ်ရန် မလိုအပ်ပေ။ သို့သော် ထိုသို့ ဆောင်ရွက်နိုင်ရန်မှာ လုံးဝမဖြစ်နိုင်သောကြောင့် ထိရောက်သော ချဉ်းကပ်မှုများသည် ကြားဝင်ဆောင်ရွက်ရန် နေရာများစွာမှ ဝင်ရောက်တိုက်ခိုက်ရန်လိုအပ်သည်။ အချို့သော ကြားဝင် ဆောင်ရွက်ရမည့် နေရာများ သည် အတိုင်းအတာတစ်ခုအထိ ထိရောက်နိုင်သော်လည်း အဆုံးစွန်သော အန္တရာယ်ကို လျှော့ချရန် ကွင်းဆက် တစ်ခုလုံးမှ အဆင့်တိုင်းတွင် ပြဿနာကို တန်းတူလျှော့ပါးရန် မလိုပေ။ အရေးကြီးသည်မှာ အမုန်းစကားအပြင် လုပ်ကြံသတင်း ဖြန့်လှုပ်ရှားမှုရှိနေလျှင် စီမံကိန်းသည် ထိခိုက်မှုကွင်းဆက်၏ အလွှာနှစ်ခုလုံးကို ထည့်သွင်းစဉ်းစားရမည်။

လုပ်ကြံသတင်းဖြင့် မီးထိုးထားသော အမုန်းစကားသည် နိုင်ငံများစွာ၏ နိုင်ငံရေးစကားဝိုင်းတွင် စံတစ်ခု ဖြစ်လာသောကြောင့် အမုန်းစကားကို တုန့်ပြန်သည့် ချဉ်းကပ်မှုများသည် မီဒီယာရပ်ဝန်း အသစ်တွင်လည်း ကိုက်ညီရန် လိုအပ်သည်။ အကယ်၍ အမုန်း စကားများကို အယောင်ဆောင်များက နိုင်ငံရေး သို့မဟုတ် ငွေရေးကြေးရေးအရသာ တွက်ချက်၍ ဖန်တီးထားလျှင် အမုန်းစကား တွင် မည်သည့်အရာများ ပါဝင်သည်၊ ဘာ့ကြောင့် ၎င်းသည် မှားသည်၊ ၎င်းတွင် ပါဝင်ပတ်သက်ပါက မည်သို့အပြစ်ပေးခံရနိုင် သည်တို့ကို လူများ သိရှိအောင် ဆောင်ရွက်ခြင်းသည် ပြဿနာတစ်ခုလုံးကို လွှမ်းခြုံနိုင်မည် မဟုတ်ပေ။ အမုန်းစကားကို တုန့်ပြန် သည့် စီမံကိန်းလုပ်ဆောင်ချက်များသည် လုပ်ကြံသတင်းအား တုန့်ပြန်သည့် ဆောင်ရွက်ချက်များနှင့် အကျိုးရှိစွာ ပေါင်းစပ် ဆောင်ရွက်နိုင်သည်။ အောက်တွင်ဖော်ပြထားသော ကြားဝင်ဆောင်ရွက်ချက်များသည် အမုန်းစကားကို နည်းလမ်းတစ်ခုအဖြစ် အသုံးပြုသည့် လုပ်ကြံသတင်းဖြန့် လှုပ်ရှားမှုတစ်ခုကို ဦးတည်ဆောင်ရွက်သည့် ကြားဝင်ဆောင်ရွက်ချက်များနှင့် မည်သို့ကွဲပြား သည်ကို အဓိကဖော်ပြသည့် စီမံကိန်း ဥပမာတစ်ခုဖြစ်သည်။ (မတူညီသော အခြေအနေများတွင် သင့်လျော်သော အခြား နည်း လမ်း များစွာရှိသည်။)

| | ပြုလုပ်သူကို ပစ်မှတ်ထားခြင်း | သတင်းစကားကို ပစ်မှတ်ထားခြင်း | ဖြန့်ဝေသည့် နည်းလမ်းကို ပစ်မှတ်ထားခြင်း | ဘာသာပြန်သူကို ပစ်မှတ်ထားခြင်း | အန္တရာယ် လျှော့ချခြင်း |
|---|---|---|---|---|---|
| အမုန်းစကား | အမုန်းစကားနှင့်<br>ပတ်သက်၍<br>ဖော်ထုတ်အရေးယူ<br>ရန် ဥပဒေမူဘောင်<br>ကို ပြန်လည်<br>သုံးသပ်ခြင်း၊<br><br>ကျူးလွန်သူများကို<br>ဥပဒေအတိုင်း<br>တရားစွဲဆိုရန်<br>ပိုမိုထိရောက်သော<br>စုံစမ်းထောက်<br>လှမ်းမှု နှင့် ဥပဒေ<br>စိုးမိုးစေရန်<br>နည်းလမ်းများ | ရွေးကောက်ပွဲ<br>စီမံခန့်ခွဲရေး<br>အဖွဲ့များကဲ့သို့သော<br>ပြည်သူ့ဝန်ထမ်း<br>များကို ပူးပေါင်းပါ<br>ဝင်သော အလေ့<br>အထများနှင့်<br>အမုန်းစကား အား<br>ဆန့်ကျင်သည့်<br>စကား များ<br>ပြောဆိုခြင်းဖြင့် စံပြ<br>လုပ် ဆောင်ရန်<br>စွမ်းရည်မြှင့်<br>တင်ပေးခြင်း၊ | သမားရိုးကျ မီဒီယာများမှ<br>အမုန်းစကား ပြန့်ပွားမှု<br>ကာကွယ်တားဆီးရန်<br>အတွက် ကျင့်ဝတ်များ<br><br>လူမှုကွန်ရက် ကုမ္ပဏီ<br>များကို အမုန်းစကား<br>ပြန့်ပွားမှုသံသယ နေးသွား<br>စေရန် ဖိအားပေး ခြင်း၊<br>သို့မဟုတ် အမုန်းစကား<br>နှင့် ပတ်သက်သော<br>၎င်းတို့၏ စံနှုန်းများကို<br>လိုက်နာကျင့်သုံးစေပြီး<br>အမုန်းစ ကားများကို<br>ဖယ်ရှားခြင်း | လက်သင့်ခံနိုင်မှု ကို<br>မြှင့်တင် ရန် ပြည်သူ<br>ကို ပညာပေးခြင်း၊<br>အမုန်းတရား နှင့်<br>ပတ်သက်၍ ပြည်သူ<br>လူထု နားလည်လာ<br>စေရန် ပညာပေး<br>အစီအစဉ်များ၊ | ရွေး ကောက်ပွဲ<br>ဆိုင်ရာ အကြမ်း<br>ဖက်မှုအန္တရယ်<br>လျှော့ချရန် အဖွဲ့အ<br>စည်းများ ပူးပေါင်း၍<br>လုံခြုံရေး အစီအမံ<br>များ စီစဉ်ချမှတ်<br>ခြင်း၊ |
| လုပ်ကြံသတင်း | ပြည်တွင်းမှ နိုင်ငံရေး<br>သမားများ အစစ်<br>အမှန် မဟုတ်သော<br>သတင်းများ ပြုလုပ်<br>ဖြန့်ဝေ ခြင်းတွင် ပါ<br>ဝင်မှုမှ တား မြစ်ရန်<br>နိုင်ငံရေးနှင့် ဆိုင်<br>သော ငွေကြေး<br>ဆိုင်ရာ စည်းမျဉ်း<br>စည်းကမ်း | လူမှုကွန်ရက်<br>ကုမ္ပဏီများကို<br>၎င်းတို့၏ လူမှု<br>ကွန်ရက်အား အသုံး<br>ပြု၍ အစစ်အမှန်<br>မဟုတ်သော<br>သတင်းများ<br>ဖြန့်ဝေမှုနှင့်<br>ပတ်သက်၍<br>ကုမ္ပဏီအား ပို၍<br>ပွင့်လင်း မြင်သာမှုရှိ<br>အောင် တောင်းဆို<br>ခြင်း၊<br><br>အစစ်အမှန်မဟုတ်<br>သော သတင်းများ<br>ထုတ်လုပ်ခြင်းနှင့်<br>ပတ်သက်၍ ဖြစ်ပေါ်<br>လာသောလမ်း<br>ကြောင်းသစ်များကို<br>စောင့်ကြည့်ခြင်းနှင့်<br>သုတေသနပြုလုပ်<br>ခြင်း | လူမှုကွန်ရက် များတွင်<br>အစစ်အမှန် မဟုတ်သော<br>စုပေါင်းဆောင် ရွက်ချက်<br>များကို ဖော်ထုတ်ခြင်းနှင့်<br>ဖယ်ရှားခြင်း၊ | မီဒီယာအသိ တိုးပွား<br>အောင် ပြည်သူများ<br>ကို အသိပညာပေး<br>ခြင်း<br><br>လုပ်ကြံသတင်း<br>ဖြန့် လုပ်ရပ် မှုများ<br>အကြောင်း အများ<br>ပြည်သူသိရှိအောင်<br>ကြေညာခြင်း | ရွေးကောက်ပွဲ<br>စီမံခန့်ခွဲ ရေး အဖွဲ့<br>များ အတွက်<br>ပဋိပက္ခဆိုင် ရာ<br>စီမံကိန်းရေးဆွဲခြင်း<br>နှင့် ရွေးကောက်ပွဲ<br>စက်ဝန်း အတွင်း<br>အရေးကြီးသည့် အ<br>ပိုင်းတွင် လုပ်ကြံ<br>သတင်း၏ အကျိုး<br>ဆက်များကို<br>လျှော့ချခြင်း |

# နိဂုံးချုပ်အတွေးများ

ခေတ်သစ်လုပ်ကြံသတင်း ပြဿနာသည် ဒီမိုကရေစီအဖွဲ့အစည်းများနှင့် ဖြစ်စဉ်များကို နောက်ခံပြုပေးထားသော သတင်းအချက်အလက် ဂေဟာစနစ်ကို ရှင်းလင်းစွာ ချိန်းခြောက်နေပါသည်။ အမုန်းစကားကို တွက်ချက်၍ ပြုပြင်ခြင်းသည် အချို့သော လုပ်ကြံသတင်းပြုလုပ်သူများက ဒီမိုကရေစီ တန်ဖိုးများနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သော အစီအစဉ်များကို မြှင့်တင်ရန် အသုံးပြုသော အလွန်အဆိပ်ပြင်းသည့် နည်းလမ်းတစ်ခုဖြစ်သည်။ ဤစာတမ်းတွင် ဖော်ပြခဲ့သည့်အတိုင်း အသစ်ပေါ်ထွက်လာသော နည်းပညာများနှင့် လူတို့၏ သဘာဝဘက်လိုက်လိုစိတ်တို့ကိုနားလည်၍ ဖော်မြူလာ (algorithms)ဖြင့် အသုံးချနိုင်မှုတို့သည် နိုင်ငံရေးနှင့် ရွေးကောက်ပွဲအခြေအနေတွင် ပြန့်နှံ့နေပြီးဖြစ်သော အမုန်းစကားကို ပိုမိုများပြား၍ ပြင်းထန်လာစေရန် အဆင့်မြှင့်၍ အင်အားကောင်းသော လုပ်ကြံသတင်းဖြန့် လှုပ်ရှားမှုများကို ထိုပြုလုပ်သူများက ပြုလုပ်လာနိုင်စေပါသည်။

အမုန်းစကားနှင့် လုပ်ကြံသတင်းတို့သည် နီးစပ်သောဆက်နွယ်မှုရှိသည့် အယူအဆများ ဖြစ်သကဲ့သို့ ၎င်းတို့နှစ်ခု၏ မသိမသာ ကွဲပြားမှုနှင့် အပြန်အလှန် သက်ရောက်မှုကို နားလည်ခြင်းသည် တုန့်ပြန်ရေးစီမံချက်များ ဒီဇိုင်းရေးဆွဲရာတွင် မရှိမဖြစ် လိုအပ်သည်။ ဤနယ်ပယ်တွင် IFES ၏ စီမံချက်သည် အမုန်းစကားနှင့် မမှန်ကန်သော သတင်းများကို တုန့်ပြန်နေသည့် ကမ္ဘာတစ်ဝှမ်းမှ လူပုဂ္ဂိုလ်အဖွဲ့အစည်းများနှင့် ကြာရှည်စွာ ဆက်ဆံဆောင်ရွက်မှုများပေါ်တွင် အခြေခံထားသည်။ ဤစီမံချက်သည် ရွေးကောက်ပွဲ စီမံခန့်ခွဲသူများနှင့် ရွေးကောက်ပွဲနှင့် ပတ်သက်ဆက်နွယ်သူများသည် လုပ်ကြံသတင်း၏ ထိခိုက်မှုကွင်းဆက် အစိတ်အပိုင်းများစွာတွင် တုန့်ပြန်ဆောင်ရွက်နိုင်စေရန် အရှိန်အဟုန်ဖြင့် ပြောင်းလဲနေသောမီဒီယာနှင့် နည်းပညာရပ်ဝန်းတို့၏ စိန်ခေါ်မှုများနှင့် ကိုက်ညီစေရန် စဉ်ဆက်မပြတ် ဆောင်ရွက်လျှက်ရှိသည်။

# ခက်ဆစ် – လုပ်ကြံသတင်း ဖြန့်လှုပ်ရှားမှု၏ အစိတ်အပိုင်းများကို အဓိပ္ပာယ်ဖွင့်ခြင်း

နိုင်ငံရေးဆိုင်ရာ သတင်းအချက်အလက်နှင့် ဆွေးနွေးချက်များ၏ ဂေဟ်သိက္ခာအပေါ် ရှုပ်ထွေး၍ အမြဲတမ်းပြောင်းလဲနေသော ဆွေးနွေးချက်များကို လမ်းညွှန်အဖြစ် ကိုးကားနိုင်စေရန် ဤခက်ဆစ် အကျဉ်းချုပ်ကို ထည့်သွင်းထားပါသည်။ ယနေ့ခေတ် လုပ်ကြံသတင်းနှင့် ပတ်သက်၍ နားလည်နိုင်စေရန် ဦးဆောင်မှုနေရာမှ အရင်းအမြစ်များမှနေ၍ ဤအဓိပ္ပာယ် ဖွင့်ဆိုချက်များကို ရရှိထားသည်။ ဤအဓိပ္ပာယ်ဖွင့်ဆိုချက်များသည် ပြီးပြည့်စုံသည့် စာရင်းတစ်ခု မဟုတ်ပါ။ သို့သော်လည်း လုပ်ကြံသတင်းဖြန့် လှုပ်ရှားမှုတွင် အသုံးပြုသော နည်းလမ်းများသည် ဆက်လက်၍ ပြောင်းလဲနေဦးမည်ဖြစ်သည်။

**တစ်ဦးချင်း သို့မဟုတ် အုပ်စုလိုက် အယောင်ဆောင်များ**

**လွှမ်းမိုးရေး လှုပ်ရှားမှုများ (Influence campaigns)** သည် အစိုးရများ သို့မဟုတ် စုစည်းထားသော အစိုးရမဟုတ်သော နိုင်ငံရေးအရ လွှမ်းမိုးမှုရှိသူတို့က ပြည်တွင်း သို့မဟုတ် ပြည်ပမှ နိုင်ငံရေးခံယူချက်များကို ပုံဖျက်ရန်၊ များသောအားဖြင့် မဟာဗျူဟာအရသော်လည်းကောင်း ပထဝီနိုင်ငံရေး အရသော်လည်းကောင်း ရလဒ်ကောင်းရရန် ဆောင်ရွက်ကြသည်။[၁၀] လွှမ်းမိုးရေးလှုပ်ရှားမှုများသည် ပြည်သူ့သဘောထားကို ကြိုးကိုင်ချယ်လှယ်ရန်နှင့် သတင်းရပ်ဝန်း၏ ဂေဟ်သိက္ခာကို လျော့ကျစေရန် လုပ်ကြံသတင်းဖြန့် လှုပ်ရှားမှုနည်းလမ်းများကို ပို၍ အသုံးပြုလာကြသည်။

**ပူးပေါင်းဆောင်ရွက်သည့် အယောင်ဆောင် အပြုအမူ** သည် အုပ်စုများ သို့မဟုတ် လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ချင်းစီတို့သည် ၎င်းတို့မည်သူမည်ဝါဖြစ်သည် သို့မဟုတ် ၎င်းတို့ဘာလုပ်သည်ကို ပြည်သူများအထင်အမြင်လွဲမှားစေရန် ဆောင်ရွက်ခြင်းဖြစ်သည်။ ဤအပြုအမူကို ဖော်ထုတ်ရန်မှာ ၎င်းတို့မျှဝေသည့် သတင်းများအပေါ် မမူတည်ဘဲ ၎င်းတို့ အသုံးပြုသည့် လှည့်ဖျားသည့် အပြုအမူပေါ်တွင်သာ မူတည်သည်။[၁၁]

**အင်တာနက်ပေါ်တွင် နှောင့်ယှက်လှောင်ပြောင်ခြင်းများ (Troll)** သည် အင်တာနက် အသုံးပြုသည့် လူပုဂ္ဂိုလ်များ ဖြစ်ပြီး ၎င်းတို့သည် ရည်ရွယ်ချက်ဖြင့် အခြားသူများကို အာရုံထွေပြားစေရန်နှင့် သဘောထားကွဲလွဲစေရန် နှောင့်ယှက်၊ ရန်စ၊ သို့မဟုတ် ခြိမ်းခြောက်ကြသည်။ Troll များသည် လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ချင်းအနေဖြင့် ဆောင်ရွက်နိုင်ပြီး ဤနေရာတွင် အမုန်းစကားကို တစ်ဦးချင်းကျူးလွန်သူများ၏ ဝိသေသလက္ခဏာများနှင့် တူညီသည်။ သို့သော် Troll များသည် ပူးပေါင်းဆောင်ရွက်သည့် အယောင်ဆောင် အပြုအမူများတွင်လဲ ပါဝင်ပတ်သက်နိုင်သည်။

**အစစ်အမှန်မဟုတ်သော သတင်းများ**

**ဖြုတ်စဖျင်းတောင်း သတင်းများ (Junk News)** တွင် ဝါဒဖြန့်သော၊ အစွန်းရောက် အယူအဆများ ဖြစ်သော၊ အလွန်တစ်ဖက်သတ် ကျသော၊ နိုင်ငံရေး လျှို့ဝှက် ကြံစည် ချက်ရှိသော သတင်းများ သတင်းအချက်အလက်များကို ယုံကြည်သင့်သော သတင်းအချက်အလက်ဟန်ဆောင်၍ ရေးသား ၏ထုတ်ဝေခြင်းများ ပါဝင်သည်။ ဤအသုံးအနှုံးတွင် မှားယွင်းကြောင်း စိစစ်အတည်ပြုနိုင်သောသတင်းများ သို့မဟုတ် ရုပ်သံလွှင့်ချက်များကို အချက်အလက်မှန်ကန်သော သတင်းများအဖြစ် ရေးသားခြင်း ထုတ်လွှင့်ခြင်းများ ပါ ဝင်သည် ။[၁၂]

**အတုအယောင် အကြီးစားများ (deepfakes)** သည် မူရင်း ရုပ်ပုံ သို့မဟုတ် ဗွီဒီယိုကို ဉာဏ်ရည်တု နည်းပညာ အသုံးပြု၍ ဒီဂျစ်တယ် နည်းဖြင့် ပြုပြင်ပြောင်းလဲထားသာပုံ နှင့် ဗွီဒီယိုတို့ ဖြစ်ပြီး ၎င်းတို့သည် တစ်စုံတစ်ဦးက အမှန်တကယ် မပြော၊ မလုပ်ဘဲ ပြောသယောင် လုပ်သယောင် အစစ်နှင့် အလွန်တူသော အရာများဖြစ်သည်။

[၁၀] Wardle (2017), page 16.

[၁၁] “Coordinated Inauthentic Behavior Explained,” Facebook Newsroom, Dec 6, 2018, https://newsroom.fb.com/news/2018/12/inside-feed-coordinated-inauthentic-behavior/.

[၁၂] This definition is adapted from the Oxford Internet Institute, https://newsaggregator.oii.ox.ac.uk/methodology.php.

## ပြုပြင် ထုတ်လုပ်ခြင်း

**ကွန်ပြူတာနှင့် ဆက်စပ်သော ဝါဒဖြန့်မှု** သည် “ဖော်မြူလာ(algorithms)၊ လူအစားထိုး အလိုလျောက် စက်ကိရိယာများ၊ လူဖြင့် သတင်းစုဆောင်းခြင်း (human curation)” တို့ကို အသုံးပြု၍ ရည်ရွယ်ချက်ဖြင့် လူမှုကွန်ရက်များပေါ်တွင် နားလည်မှုလွဲမှားစေနိုင်သော သတင်းအချက်အလက်များကို ဖြန့်ဝေခြင်းဖြစ်သည်။ ကွန်ပြူတာနှင့် ဆက်စပ်သော ဝါဒဖြန့်မှုတွင် အများပြည်သူ၏ အမြင်ကို နည်းလမ်းမျိုးစုံနှင့် စက်ပစ္စည်းမျိုးစုံတို့တွင် ခြယ်လှယ်နိုင်ရန် လူအစစ်များထံမှ လေ့လာသင်ယူပြီး ပုံစံတူ ဆောင်ရွက်ခြင်းများ ပါဝင် သည်။[၁၃]

**ဘော့များ (Bots)** သည် လူကဲ့သို့ အွန်လိုင်းပေါ်တွင် post တင်နိုင်သော ရိုးရှင်းသည့် ကွန်ပြူတာ ကုဒ်များ ဖြစ်သည်။ ဘော့နက်များ (Botnets) သည် ဘော့များကို စုစည်း၍ ပူးပေါင်း ဆောင်ရွက်ကြသည်။

**အချက်အလက် သို့မဟုတ် ကလစ် လုပ်ငန်းများ (Content or Click farms)** သည် ကြော်ငြာ လုပ်ငန်းများ ဖြစ်ပြီးၡင်းတို့သည် အကြောင်းအရာ တစ်ခုကို မြှင့်တင်ရန်အတွက် ဆောင်းပါးအတုများ၊ ပိုစ်များ “likes” များတင်ရန် လူများခန့်ထားသည်။ အင်တာနက် troll များကို ဦးတည်အုပ်စုတစ်ခုသို့ အာရုံစိုက်စေရန် သို့မဟုတ် သတင်းစကား တစ်ခုကို မြှင့်တင်ရန် အချက်အလက် လုပ်ငန်းများကဲ့သို့ အသုံးပြုနိုင်ပြီး ၎င်းတို့ကို troll လုပ်ငန်းများဟုခေါ်သည်။

[၁၃] Woolley, Samuel C. & Philip N. Howard, “Computational Propaganda Worldwide: Executive Summary,” page 6, http://comprop.oii.ox.ac.uk/wp-content/uploads/sites/89/2017/06/Case studies-ExecutiveSummary.pdf.

Global Expertise. Local Solutions.
Sustainable Democracy.

IFES | 2011 Crystal Drive | 10th Floor | Arlington, VA 22202 | www.IFES.org